ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# **လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

**ကြံခင်းမြို့နယ်**

၂၀၁၈ ခုနှစ်

ဆုံလဲအုပ်စု၊ ဆီဆုံကုန်းကျေးရွာ

**မာတိကာ**


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုံးချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ဧရာဝတီ မြစ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကျေးရွာမြေပုံ(တည်နေရာ)




ဆီဆုံကုန်းကျေးရွာပြမြေပုံ

**၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

ဆုံလဲကျေးရွာအုပ်စုတွင်

၁။ မြေခြားကျေးရွာ

၂။ ကျောက်စရစ်ကုန်းကျေးရွာ

၃။ ကျွန်းကြီးကျေးရွာ

၄။ သစ်ဆိမ့်ကုန်းကျေးရွာ

၅။ အိုးဘိုကုန်းကျေးရွာ

၆။ ပေါက်တိုင်းကျေးရွာ

၇။ ခုနစ်တာကျေးရွာ

**၈။ ဆီဆုံကုန်းကျေးရွာ**

၉။ ရှမ်းစုကျေးရွာ

၁၀။ ဓမ္မိကျေးရွာ

၁၁။ ဆုံလဲကျေးရွာ

၁၂။ သဲဖြူကျေးရွာ

၁၃။ သပြေလှကျေးရွာ

၁၄။ မြောင်(အုန်းကုန်း)ကျေးရွာ

၁၅။ ရွာသစ်ကုန်းကျေးရွာ

၁၆။ ကျောင်းကုန်းကျေးရွာ

၁၇။ သပြေကုန်းကျေးရွာ

၁၈။ အောင်သပြေကျေးရွာ

၁၉။ ဆိပ်သာကျေးရွာ တို့ပါဝင်ပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ကြံခင်းမြို့နယ်၊ဆုံလဲအုပ်စု၊တွင်ကျေးရွာပေါင်း၁၉ရွာရှိသည့်အနက်တွင်ဆီဆုံကုန်းကျေးရွာသည် တစ်ရွာအပါအဝင်ဖြစ်ပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် ရေတွင်းများရှိသောလည်း လူထုဗဟိုပြုစီမံကိန်း ပထမနှစ်တွင်သောက်သုံးရေအတွက်ရေတွင်း၊ရေကန်၊ရေစက်ရုံ၊ရေဖြန့်ဝေရေး၊တို့ဆောင်ရွက်သောကြောင့် ကျေးရွာအတွက် သောက်သုံးရေ အဆင်ပြေခဲ့သည်။

ကျေးရွာလမ်းပန်းဆက်သွယ်ရေးအတွက်လမ်းမကောင်းသောကြောင့်သွားလာရေးတွင်အခက်အခဲ ဖြစ်နေသောကြောင့် ကျေးရွာတွင်းလမ်းကို တောင်းဆိုထားကြသည်။ ကျေးရွာတွင်းလမ်းသည် ရွာချင်းဆက် လမ်းဖြစ်သောကြောင့် ပိုမို လိုအပ်ပါသည်။

ကျေးရွာပညာရေးအတွက်ပေါက်တိုင်းကျေးရွာရှိအလယ်တန်းကျောင်းတွင်သင်ကြားကြရပြီး ကျေးရွာတွင်းလမ်းကို အသုံးပြု၍ ရှမ်းစုကျေးရွာ၊ ဓမ္မီကျေးရွာတို့မှ သွားလာကြရသည်။ထို့ကြောင့် ကျေးရွာတွင်းလမ်းကို အားထားဆောင်ရွက်သောကြောင့် လမ်းကိုကောင်းစေချင်ကြသည်။

ကျေးရွာစီးပွားရေးအနေဖြင့် လယ်ယာလုပ်ငန်း ၊ ကိုင်း၊ တောင်ယာ၊ အရောင်းအဝယ်၊စသောလုပ်ငန်းများလုပ်ကိုင်ကြသည်။ သို့သော်လည်း လက်လုပ်လက်စားများစွာ လည်းရှိကြပါသည်။

ကျန်းမာရေးအနေဖြင့် ဆိပ်သာကျေးရွာတွင် တိုက်နယ်ဆေးရုံ၊ ကြံခင်းမြို့နယ်တွင်ရှိသောပြည်သူ့ဆေးရုံ တွင် သွားရောက်ကုသကြရပါသည်။ ကျေးရွာတွင်းတွင်လည်း ကျန်းမာရေး ဆရာမရှိပါသည်။

ကျေးရွာတွင် အခြေခံအဆောက်အဦး နည်းပါးသော်လည်း ကျေးရွာထိပ်ရှိ ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ တို့သာရှိပါသည်။ကျေးရွာတွင် ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးများနေထိုင်ကြသောကြောင့် စေတနာ မေတ္တာ၊ သဘောကောင်းသော ကျေးလက်နေပြည်သူများသာဖြစ်ကြပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၆.၉.၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၁၂ | ၁၄ | ၂၆ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၆.၉.၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၂ | ၁၄ | ၂၆ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၆.၉.၂၀၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၁၂ | ၁၄ | ၂၆ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | ၂၆.၉.၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၁၂ | ၁၄ | ၂၆ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၆.၉.၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | ၁၂ | ၁၄ | ၂၆ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၆.၉.၂၀၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၂ | ၁၄ | ၂၆ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၆.၉.၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၂ | ၁၄ | ၂၆ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၆.၉.၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၂ | ၁၄ | ၂၆ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၆.၉.၂၀၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၁၂ | ၁၄ | ၂၆ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

## လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)

ကျေးရွာတွင်းရှိ သည့်အရင်းအမြစ်များမှာ လယ်ယာ၊ကိုင်း၊ ရေတွင်း၊ အင်း၊ ဆန်စက်၊ ကုန်းပေါက်၊ လမ်း ၊စသည်တို့ရှိသော်လည်း လူထုဗဟိုပြုစီမံကိန်းပထမနှစ်တွင် ရေပေးဝေရေးကို တောင်းဆိုခဲ့ ကြရာရေတွင်း၊ရေကန်၊ရေစက်ရုံ၊ ရေပေးဝေရေးတို့ကိုဆောင်ရွက်ခဲ့သောကြောင့် သောက်သုံးရေ ကိုအဆင်ပြေစွာ သုံးစွဲနေကြရပါသည်။

ကျေးရွာတွင်းရှိသော လူနေမှုအဆင့်အတန်းများ ကျေးရွာ၏စုပေါင်းဆောင်ရွက်ထားသော ဓမ္မာရုံ၊ဘုရားစေတီ၊ဆက်သွယ်ရေးတာဝါတိုင်၊တို့ရှိသော်လည်းကျေးရွာဖွံ့ဖြိုးရေးအတွက်လို အပ်သော အခြေခံအဆောက်အဦးများလိုအပ်ကြောင်းတွေ့ရပါသည်။


ဆက်သွယ်ရေးအတွက် လမ်းများရှိသော်လည်း၊ မြေသားလမ်းများ သာဖြစ်သောကြောင့် လမ်းများသည် မိုးအခါတွင်လမ်းမကောင်းပေ။ ကုန်းပေါက်အနေဖြင့် ကွန်ကရစ် ကုန်းပေါက် (၂)ပေါက်နှင့်ရေပြွန်တစ်ပေါက်ရှိသော်လည်း ကောင်းမွန်မှု မရှိတော့ပေ။

ပညာရေးအနေဖြင့်ပေါက်တိုင်း၊ဆိပ်သာတို့တွင်ရှိသောကျောင်းများသို့သွားရောက်သင်ကြား ကြရသည်။

ကျန်းမာရေးအနေဖြင့် ဆိပ်သာတိုက်နယ်ဆေးရုံ၊ကြံခင်းဆေးရုံတို့တွင် သွားရောက်ကုသကြ ရပါသည်။ စီးပွားရေးအနေဖြင့်ရေလုပ်ငန်း၊ကိုင်းလုပ်ငန်းတို့ကို သာလုပ်ကိုင်ကြပြီးလက်လုပ်လက်စား များ များပြားကြသည်။ ကြက်မွေးမြူရေး၊ တနိုင်တပိုင် ဝက်များ၊နွား တို့ ကိုလည်းမွေးမြူကြသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ် ချက်များ

### (ခ)ရာသီခွင်ပြ ပြက္ခဒိန်



ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

တန်ခူး၊ ကဆုန်၊တော်သလင်း၊ တပို့တွဲ၊ တပေါင်းလများတွင်နေပူပြင်းပြီး၊ နယုန်၊ ဝါဆို၊ ဝါခေါင်လသည်မိုးရွာသောလများဖြစ်ပြီး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ စသောလများသည် ချမ်းအေးပြီးနှင်းကြသောလများဖြစ်သည်။

တန်ခူး၊ ကဆုန်၊ နယုန် လများတွင်ဗြုံရာ ဗြာပန်းအလုပ်များ လုပ်ကိုင်ကြရပြီး ဝင်ငွေအနေဖြင့် ကျား(၄၀၀၀)၊ မ(၂၅၀၀) ကျပ်စီသာရရှိကြသည်။ ဝါဆို၊ဝါခေါင် လများတွင် လယ်လုပ်ငန်းများလုပ်ကိုင်ကြရာ ကျား(၅၀၀၀)၊ မ(၃၀၀၀) ကျပ်စီသာရရှိကြသည်။တော်သလင်းလတွင် ပဲစိုက်ကြသဖြင့် ကျား(၅၀၀၀)၊ မ(၃၀၀၀)ကျပ်၊ သီတင်းကျွတ်၊ နတ်တော်လများတွင် ကောက်ရိတ်ကြသဖြင့် ကျား(၄၀၀၀)၊ မ(၃၀၀၀) ကျပ် သာရရှိကြသည်။


တန်ဆောင်မုန်းလတွင် ပဲအမျိုးစိုက်ကြရာ ကျား(၄၀၀၀)၊မ(၃၀၀၀) ကျပ်သာ ရရှိကြသည်။ပြာသို၊ တပိုတွဲ၊ တပေါင်း လများတွင် ကိုင်းစိုက်၊ ကိုင်းရိတ်သောရာသီဖြစ်၍ ကျား(၃၀၀၀)၊မ(၂၅၀၀) ကျပ်သာရရှိကြသဖြင့် ကျား၊မအလုပ်အကိုင် တူညီကြသော်လည်း ဝင်ငွေများကွာ ခြားနေခြင်းကြောင့် ကျား၊မတန်း တူဝင်ငွေရရှိရန်လိုအပ်ကြောင်းတွေ့ရသည်။

တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလ၊ဝါခေါင်၊ လများတွင် ဝါဆိုသင်္ကန်းကပ်လှူကြ၍၊ သီတင်းကျွတ်၊ လတွင်တော့ မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် တရားပွဲ၊ ကထိန်ပွဲများ ၊ပြာသိုတွင် ဘုရားပွဲတော်၊ တပိုတွဲလတွင် ထမနဲပွဲတော်များပြုလုပ်ကြပြီး၊ စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

နယုန်၊ ဝါဆို၊ ဝါခေါင် လများတွင် တုတ်ကွေး၊ ငှက်ဖျားရောဂါ များအဖြစ်များ ကြပြီး ကျန်လများတွင် များသောအားဖြစ်ကောင်းမွန်ကြကြောင်း တွေ့ရပါသည် ဝါဆို၊ပြာသိုလများတွင် မြေပဲ၊တော်သလင်းတွင်နှမ်း၊သီတင်းကျွတ်ပဲအမျိုးမျိုးနှင့်တန်ဆောင်မုန်း လတွင် ပြောင်းဖူး၊ ခရမ်းသီး၊ စသောအစားအစာများထွက်ရှိပြီး၊ တပိုတွဲ၊ တပေါင်း လများ တွင် ခရမ်းချဉ်သီး အများအပြား ထွက်ရှိသောရာသီ ဖြစ်သော်လည်း ကျန်လများတွင်ဒေသထွက်ကုန် မရှိကြပေ။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ် ချက်များ

(၈) ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း




ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

**ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ရွာသူ၊ရွာသားများအားလုံးပူးပေါင်း၍ ချမ်းသာသူများကို အဆင့်(က)၊အသင့်အတင့်နေနိုင်သူများကို အဆင့်(ခ)၊ နွမ်းပါးသူများကို အဆင့်(ဂ)၊ အလွန်နွမ်းပါးသူများကို အဆင့် (ဃ)အဖြစ် သတ်မှတ် ဆုံးဖြတ်ခဲ့ကြပါသည်။


ရွာသူ/သားများမှ ၎င်းတို့ရွာအခြေအနေနှင့် ကိုက်ညီသောလူနေမှု အဆင့်များကို သတ်မှတ်ရာတွင် အဆင့် (က)အတွက်၊ ပျဉ်ထောင်သွပ်မိုးအိမ်၊ တိုက်ခံ၊လယ်(၅) ဧက၊ ဆိုင်ကယ် ၊နွားတစ်ရှဉ်း ထွန်စက်၊ ခြွေလှေ့စက်၊ ဆန်စက်၊ဝမ်းစာဖူလုံမှု(၂)နှစ် ၊ အဆင့် (ခ)အတွက် ပျဉ်ထောင်သွပ်မိုးအိမ်၊ ဆိုင်ကယ်(၁)စီးပိုင်သူ၊ လယ်(၅)ဧက၊ နွားတစ်ရှဉ်း၊ ဝမ်းစာဖူလုံမှု (၁)နှစ်ဖြစ်ပြီး၊ အဆင့်(ဂ)တွင် သက်ကယ်မိုး၊ ထရံကာ၊ သွပ်မိုးထရံကာ၊ လက်လုပ်လက်စား များဟူ၍ သတ်မှတ်ကြပါသည်။

ကျေးရွာလူမှုစီးပွားရေး အခြေအနေကိုသုံးသပ်မိခြင်း

ကျေးရွာတွင် အဆင့် (က) ၆ဦး၊ အဆင့် (ခ) ၄၂ဦး၊ အဆင့် (ဂ) ၇ဦး ရှိနေပြီး၊ အဆင့်များကိုကြည့်ခြင်းအားဖြင့် ကျေးရွာ၏စီးပွားရေးအခြေအနေများကိုသိရှိနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း**




ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

**<u>ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)</u>**


အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ်လူနေမှုစနစ်တွင် တွေ့ကြုံနေရသည့် အချက်အလက်များပေါ်တွင် ကျေးရွာတွင်းရှိသူများ၏ အမျိုးသား/သမီး အားသာချက်၊ အားနည်းချက်များကို ရှာဖွေကြသည်။


အမျိုးသမီးများသည်အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊အမျိုးသမီးများ အနေဖြင့် အခြားဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။

ကျေးရွာတွင် အမျိုးသမီး များသီးသန့် အသိအညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

### ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (င) အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု




အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ

**အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

ရွာသူရွာသားများအနေဖြင့် ၄င်းတို့အသုံးပြုနိုင်သည့် လက်ရှိအသုံးပြုနေသည့် သဘာဝအရင်းအမြစ် များ နှင့် လူမှုအရင်းအမြစ်များ အပေါ်တွင် ကောင်းစွာသိရှိမှု နည်းပါသည်ကို တွေ့ရှိရပါသည်။

အရင်းအမြစ်များအပေါ်တွင် အသုံးပြုမှုကို အမျိုးသား၊ အမျိုးသမီးများ အသုံးပြုမှု အနေဖြင့် ကောင်းစွာ ခွဲခြားနိုင်စွမ်းမရှိပဲ ရောထွေးနေပြီး အားလုံးတူညီစွာ သုံးစွဲသည်ဟု အဖြေထွက်လာသည်။

အမျိုးသား၊ အမျိုးသမီးတူညီစွာ သုံးစွဲကြသည်ကို သိရှိသည် မှန်သော်လည်း၊ အသုံးပြုမှုအခြေကို အမျိုးသားများသာ ဦးဆောင်ကြောင်းကို အမျိုးသမီးများကလည်း တင်ပြသည်ကို တွေ့ရှိရပါသည်။

အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအ မြစ်များမှာ အလွန်ပင် နည်းပါးသည်။အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့် ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ**




အဖွဲ့အစည်းချိတ်ဆက်ပြပုံ

**<u>အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)</u>**


ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ အရန်မီးသတ်အဖွဲ့၊ ဂေါပက၊ ကျောင်းကော်မတီ၊ ပရိတ်အသင်း၊ လူထုဗဟိုပြုစီမံကိန်းကော်မတီ၊ ကျေးရွာသမ အဖွဲ့ စသည်တို့ရှိပါသည်။

မည်သည့်အဖွဲ့အစည်းများနှင့် မည်သို့ချိတ်ဆက်လုပ်ဆောင်နေပုံ

ကျေးရွာတွင်းရှိ အဖွဲ့များတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျောင်းကော်မတီ၊ အရန်မီးသတ်၊ သမအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းကော်မတီ တို့နှင့်ချိတ်ဆက်ဆောင်ရွက်နေပြီး အုပ်စု၊ မြို့နယ်ရှိအုပ်ချုပ်ရေးနှင့်လည်းချိတ်ဆက်ဆောင်ရွက်နေသည်။ အရန်မီးသတ်အဖွဲ့သည် လည်း အုပ်စု/ မြို့နယ် မီးသတ်အဖွဲ့နှင့် ချိတ်ဆက်နေပုံ ကျောင်းကော်မတီသည်လည်း မြို့နယ် ပညာရေးနှင့် ချိတ်ဆက်ပုံ၊ သမချေးငွေအဖွဲ့သည်လည်း မြို့နယ်သမနှင့် ချိတ် ဆက်ဆောင်ရွက်နေပုံ လူထုဗဟိုပြု စီမံကိန်း ကော်မတီမှလည်း မြို့နယ်လူထုဗဟိုပြု စီမံကိန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန တို့နှင့်ချိတ်ဆက်ဆောင်ရွက် ကြောင်းတွေ့ရပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဆ) ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ**




အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**


ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အတားအဆီးများဖြစ်နေသည့်အခက်ခဲပြဿနာများဖြစ်သည် တို့ကိုအမျိုးသားဘက်မှတင်ပြမှုတွင် ငွေကြေးအခက်အခဲ၊ပူးပေါင်းဆောင် ရွက်မှု၊ ခေါင်းဆောင်ကောင်းအားနည်း၊ နည်းပညာအခက်အခဲ၊ ကျန်းမာရေးအတွက် ဆရာ၊ဆရာမ၊ စသည်တို့ဖြစ်သည်။

အမျိုးသမီးများဘက်မှလည်း လမ်းပန်းဆက်သွယ်ရေး ၊ နောက်လိုက်ကောင်းအားနည်းခြင်း ကျန်းမာရေး အတွက် ဆေးဝါးထောက်ပံ့မှု၊ မြေနေရာအခက်အခဲ၊ အဖွဲ့အစည်းများမှထောက်ပံ့မှု အားနည်းခြင်း စသည်တို့ ဖြစ်ကြပါသည်။

- ပါဝင်ဆွေးနွေးသူ (၂၁)၊ မ(၃၅)ဦးတို့နှင့်ဖော်ထုတ်ခဲ့ပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(၉) ကျေးရွာ၏ မျှော်မှန်းချက်များ**



မျှော်မှန်းချက်များ ပြပုံ


**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ဆီဆုံကုန်းကျေးရွာ ပထမနှစ်တွင်သောက်သုံးရေအဆင်ပြေသော်လည်း လမ်းပန်းဆက်သွယ်းအတွက် ရွာတွင်းကျောက် ချောလမ်း ၊ ကျေးရွာခန်းမ၊စာကြည့်တိုက်၊ ကျေးလက်စျေး၊ အားကစားကွင်း ၊ မီးသတ်ရုံး၊ စသည်တို့ကို အမျိုးသားများမှတင်ပြထားသည်။

အမျိုးသမီးများမှ လျှပ်စစ်မီးလင်းရေး၊ ဆေးပေးခန်း၊ မူကြိုကျောင်း၊ ဘိုးဘွားရိပ်သာ ကလေး အားကစားကွင်း၊ စသည်တို့တင်ပြထားပါသည်။ ကျား(၂၁)၊ မ(၃၅)ဦး တို့နှင့်အတူဆွေးနွေး ဖော်ထုတ်နိုင်ခဲ့ပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ



ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

အမျိုးသားမှ ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး၊ ကွန်ကရစ်လမ်း၊ ဆေးပေးခန်းလုပ်ငန်းများကို ဆွေးနွေး ဖော်ထုတ်ကြပါသည်။

အမျိုးသမီးများမှ ကျေးရွာစာကြည့်တိုက်၊ကျောက်ချောလမ်းတို့ကို တိုင်ပင်ဆွေးနွေးသုံးသပ်ထား ပါသည်။

၇။ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးထွန်းမြင့် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09-422450861 | | လူထုစည်းရုံးရေးမှူး၏ အမည် ဦး[illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | | ကျေးရွာအုပ်စု ဆိုလ် | ကျေးရွာ ဆီးဆုံကျွန်း | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၅၆ | ဘာသာ (၁) ဗုဒ္ဓ | ၅၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ဗမာ + ရခိုင် | ၁ | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | အမျိုးသား = ၉<br>အမျိုးသမီး = ၁၂ | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၉၆ | ၁၁၉ |
| လူမျိုးစု (၂) ရခိုင် | – | ၁ |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၄၉ | ၈ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| တာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| | | | | | | လက်သမား | ☑ | ☐ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | | |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ ဝိုင်းသမား | ☐ | ☐ |
| | | | | | | ရေပိုက်သွယ်သူ | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ဝက်ပြင်ဆရာ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | | |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဝေပုံပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂(၅)--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၂၅ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------၂၅ မိနစ်--------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် မြေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) အမေ့ချေးငွေအဖွဲ့

(၂) ------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးလှိုင်မြင့်

လက်မှတ် [signature] နေ့စွဲ ၂၆.၉.၁၇

လူထုစည်းရုံးရေးမှူး — အမည် ဦးညီညီကျော်

လက်မှတ် [signature] နေ့စွဲ ၂၆.၉.၁၇

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၂၆.၉.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ခုံလယ် | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၁၄ | ၂၃ | ၃၇ | ဗမာ၊ ရခိုင် | ၃၆၊ ၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၁၄ | ၂၃ | ၃၇ | ဗမာ၊ ရခိုင် | ၃၆၊ ၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁၀.၁၇ | ၁၈.၁၀.၁၇ | ၂၆ | ၂၇ | ၅၃ | ဗမာ | ၅၃ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၉.၁၂.၁၇ | ၉.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | ၂၇ | ၂၅ | ၅၂ | ဗမာ | ၅၂ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ဝန်ထမ်းသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်၍အောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးညွှန့်ဝင်းမြင့် | | | |
| နေ့စွဲ ၂၈.၉.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) √ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | ကြံခင်း၊ မြို့နယ် | ကျေးရွာအုပ်စု သုံးလဲ | ကျေးရွာ ဆီးဆုံကုန်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ငွေကြေး | ၁ | အသွားအလာလမ်းကောင်းမွန်မှုအားနည်းခြင်း |
| ၂ | စုပေါင်းပါဝင်ဆောင်ရွက်မှု | ၂ | နေ့လယ်ထိန်းကလေးများ နည်းပါးခြင်း |
| ၃ | ခေါင်းဆောင်ကောင်း | ၃ | မြေနေရာ နည်းပါးခြင်း |
| ၄ | ကျန်းမာရေး ဆရာ/မ | ၄ | ကျန်းမာရေးအတွက်ဆေးဝါး ထောက်ပံ့မှုအားနည်းခြင်း |
| ၅ | နည်းပညာအတတ်အသိ | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဘက်စုံသုံး စမ်းရေ | ၁ | လျှပ်စစ်မီး |
| ၂ | စာကြည့်တိုက် | ၂ | ကျေးလက်ဆေးပေးခန်း |
| ၃ | စီးပွားအတွက်ရေထိန်းကာကွယ်ရန် စီးတော်ရုံ | ၃ | မူကြိုကျောင်း |
| ၄ | ကျေးရွာအားကစားကွင်း | ၄ | ကလေးကစားကွင်း / ပန်းခြံ |
| ၅ | ကျေးလက်ဈေး | ၅ | ဘိုးဘွားရိပ်သာ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | အမျိုးသား+အမျိုးသမီး | ၄၅ သိန်း | ၂၁၆ |
| ၂ | ဂါလံ (၃၀၀၀) ဆံ့ ရေကန်၊ ရေတိုင်ကီခြင်း | " " | ၆၀ သိန်း | ၂၁၆ |
| ၃ | ခေါးလေးဆိုး | " " | ၆၀ သိန်း | ၂၁၆ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးလှမြင့် ---------- လက်မှတ် -------------------- နေ့စွဲ ၂၆ ၊ ၉ ၊ ၂၀၁၇

ဒေါ်ကြည်မြင့်

လူထုဗဟိုပြု စီမံကိန်း စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TF တို့၏ အကူအညီရယူ၍ ကျေးရွာစီအောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဖြည့်စွက်ပြီးသည့်ပုံစံကို ကျေးရွာအုပ်စုဖွံ့ဖြိုးရေးဆိုင်ရာ အစည်းအဝေးတွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ) |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးညီညီလွင်၊ ဒေါ်နွေးရည်မြင့် |

| | |
|---|---|
| နေ့စွဲ 18.10.2017 | ဝက်ဝန်းအားအမှတ်ခြစ်ပေးပါ (✓) □ ဝက်ဝန်း(၁) □ ဝက်ဝန်း(၂) ☑ ဝက်ဝန်း(၃) □ ဝက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေးတိုင်း ; မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု သဲဝဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကျောင်းကုန်း | ရွာတွင်း ချောင်း ကျောက်ခင်း | 365'×10'×6" 655'×14'×6" 280'×12'×6" | ၂၈၀ | □ ကျား □ မ ☑ ကျား+မ | ၃၅ သိန်း | | | | ၃၅ သိန်း |
| သစ်ပြုကုန်း | ဂုံဝစ်ရွာ ကျောက်ကျင်းလမ်း ခင်းခြင်း | 460'×8'×6" | ၂၅၇ | □ ကျား □ မ ☑ ကျား+မ | ၄၅ သိန်း | | | | ၄၅ သိန်း |
| ကြို့ကြီး (?) | ရွာတွင်းလမ်း ကျောက်ကြီးခွဲ ချောင်းကျောက်ခင်း | 1500'×10'×6" | ၅၂၁ | □ ကျား □ မ ☑ ကျား+မ | ၈၈ သိန်း | | | | ၈၈ သိန်း |
| ဥယျာဉ်တော (?) | ရွာတွင်း ကန့်ရွာ ချောင်း ကျောက်လမ်း ကျောက်ခင်း | 3286'×12'×6" 12'×4'×4' (?) | ၇၆ | □ ကျား □ မ ☑ ကျား+မ | ၈၈ သိန်း | | | | ၈၈ သိန်း |
| သစ်ပြုကျွ (?) | ရွာတစ်လမ်းချောင်း ကျောက်ခင်းခြင်း၊ ဂူ (?) | 718'×10'×6" 11'×5'×5.9' | ၅၂ | □ ကျား □ မ ☑ ကျား+မ | ၂၄ သိန်း | | | | ၂၄ သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/အောက်ကော်မတီ ဥက္ကဋ္ဌ     အမည် လက်မှတ် ရက်စွဲ

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| နေ့စွဲ<br>ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| အောက်သဖြေ | ရွာတွင်းလမ်း ချောင်းကျောက် ခင်းခြင်း | 300'x14'x6"<br>100'x10'x6"<br>455'x12'x6"<br>235'x12'x6" | ၆၂ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၂၇ သိန်း | | | | ၂၇ သိန်း |
| | | 150'x7'x6" | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | | |
| ပေါက်တိုင်း | ရွာတွင်းလမ်း ချောင်းကျောက် ခင်းခြင်း | 2979'x14'x6"<br>1549'x12'x6" | ၄၆၇ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၁၁၀ သိန်း | | | | ၁၁၀ သိန်း |

လူထုဗဟိုပြုပြီးစီမံကိန်းစီမံကိန်းလက်ကွဲ

အပိုင်း-၃ ၉.၉.၂၀၁၇

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| သံဖြူ | တံတား၊ ဘောက်စ်ကလဗ်၊ ကွန်ကရစ် ခင်းခြင်း၊ ရွာဝင်လမ်း ကျောက်ခင်းခြင်း | 210'×12'×8" 300'×12'×6" | ၃၃၃ | □အမျိုးသား<br>□အမျိုးသမီး<br>☒အမျိုးသားနှင့်အမျိုးသမီး | ၄၅ သိန်း | | | ၄၅ သိန်း |
| မြေကြား | ရေတွင်း၊ ရေကန်၊ ရေစက်ကန်၊ ရေပိုက် သွယ်တန်းခြင်း | 2" ϕ ×50' 10'×10'×6' 6'×6'×6' 2" ϕ - 400' 1½" ϕ - 2300' | ၃၃၅ | □အမျိုးသား<br>□အမျိုးသမီး<br>☒အမျိုးသားနှင့်အမျိုးသမီး | ၅၄ သိန်း | | | ၅၄ သိန်း |
| ဆုံလယ် | ဘက်ထရံ ၃ခုနှင့်ပြ | ၂၀'×၃၀'×၁၂' | ၁၂၁ | □အမျိုးသား<br>□အမျိုးသမီး<br>☒အမျိုးသားနှင့်အမျိုးသမီး | ၈၃ သိန်း | | | ၈၃၀ သိန်း |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးအောင်ဝင်း၊ ဒေါ်ဇာခြည်ဝင်း

လက်မှတ် (signatures) ရက်စွဲ ၁၈.၁၀.၂၀၁၇

# အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ဆုံလဲကျေးရွာအုပ်စု၊ ဆီဆုံကုန်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၆.၉.၂၀၁၇)နေ့လည် (၁း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ်နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့်အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင်အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

*********************************************

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ဂါလံ(၃၀၀၀)ဆံ့ရေကန်၊ ရေပိုက်လိုင်း | ကျား<br>မ | ကျေးရွာစီ/ထောက် | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး | ကျား<br>မ | ကျေးရွာစီ/ထောက် | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ကျား<br>မ | ကျေးရွာစီ/ထောက် | ကျန်းမာရေးဌာန |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ပညာရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| အခြား | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |